Message Eight

**အသက်၌စိုးစံခြင်း**

ဖတ်ရန်ကျမ်း။ ။ ရော၊၅း၁၀၊ ၁၇၊ ၂၁။ ၁၂း၅-၇။ ၁၆း၁-၁၆၊ ၂၀

**I. ဘုရားသခင်၏ပြည့်စုံသောကယ်တင်ခြင်းမှာ ကျွန်ုပ်တို့အား ကျေးဇူးတော်နှင့် ဖြောင့်မတ်ခြင်း၏ ဆုကျေးဇူး ပေါများကြွယ်ဝစွာ မစခြင်းအားဖြင့် အသက်၌ စိုးစံခြင်းရှိစေရန်အတွက် ဖြစ်သည် - ရော၊၅း၁၇၊ ၂၁။**

A. အသက်၌စိုးစံခြင်းသည် ဘုရားသခင်၏ ရှင်သန်သောကယ်တင်ခြင်းကို အပြည့်အဝတွေ့ကြုံခံစားခြင်းဖြစ်သည် - အငယ်၊ ၁၀၊ ၁၇၊ ၂၁။

B. ဖြောင့်မတ်ခြင်း၏ ဆုကျေးဇူးသည် ဘုရားသခင်၏ တရားရေးဆိုင်ရာရွေးနုတ်ခြင်းအတွက် ဖြစ်သည်။ ကျေးဇူးတော်သည် ကျွန်ုပ်တို့က ဘုရားသခင်၏ရှင်သန်သော ကယ်တင်ခြင်းကို တွေ့ကြုံခံစားရန်အတွက် ဖြစ်သည် - ၁း၁၇။ ၅း၁၀။

1. ဖြောင့်မတ်ခြင်း၏ဆုကျေးဇူးသည် ဘုရားသခင်၏ တရားရေးဆိုင်ရာရွေးနုတ်ခြင်းကို ကျွန်ုပ်တို့ထံ လက်တွေ့ကျသော နည်းလမ်း၌ ယူဆောင်ခြင်းဖြစ်သည် - ၃း၂၄၊ ၂၆။
2. ကျေးဇူးတော်သည် ကျွန်ုပ်တို့၏ ရှင်သန်သော ကယ်တင်ခြင်းအတွက် ကျွန်ုပ်တို့၏ အရာအားလုံးလုံလောက်ပြည့်စုံသော မစမှုအဖြစ် ဘုရားသခင်ကိုယ်တော်တိုင်ပင် ဖြစ်သည် - ၁ကော၊၁၅း၁၀။ ၂ကော၊၁၂း၉။

C. ခရစ်တော်ကို ရှာဖွေဆည်းပူးခြင်း၏ အမြင့်ဆုံး ရရှိအောင်မြင်မှုမှာ ကိုယ်တော်၏ ပေါများကြွယ်ဝသော ကျေးဇူးတော်မှတဆင့် ဘုရားဆိုင်ရာအသက်၌ ခရစ်တော်နှင့်အတူ စိုးစံရခြင်းဖြစ်သည် - ဖိ၊၃း၁၃-၁၄။ ရော၊၅း၁၇၊ ၂၁။

1. အသက်၌စိုးစံခြင်းသည် စာတန်၊ လောက၊ အပြစ်၊ အသွေးအသား၊ ကျွန်ုပ်တို့ကိုယ်ကိုနှင့် ပတ်ဝင်ကျင်ဆိုင်ရာ အခြေအနေများအားလုံးအပေါ်မှာ အောင်နိုင်ခြင်း၊ လွှမ်းမိုးသိမ်းပိုက်ခြင်းနှင့် အုပ်စိုးခြင်းဖြစ်သည် - ၈း၂၊ ၃၅-၃၇။
2. ကျေးဇူးတော်နှင့် ဖြောင့်မတ်ခြင်း၏ဆုကျေးဇူးကို ပေါများကြွယ်ဝစွာ လက်ခံရရှိသော ယုံကြည်သူများအားလုံးသည် ဘုရားဆိုင်ရာအသက်၌ တင်းကြပ်ခံရခြင်းနှင့် ကန့်သတ်ခံရခြင်းကို လက်တွေ့လုပ်ဆောင်ရန် လိုအပ်နေသည် - ညွှန်း၊ မ၊၈း၉။

**II. ကျွန်ုပ်တို့သည် အသက်၌စိုးစံခြင်း၏ အတွေ့အကြုံအထဲသို့ ဝင်ရောက်ရန် လိုအပ်သည် - ရော၊၅း၁၇၊ ၂၁။**

A. ကျွန်ုပ်တို့သည် ဘုရားဆိုင်ရာ၊ ဝိညာဉ်ဆိုင်ရာ၊ ကောင်းကင်ဆိုင်ရာ၊ ရှင်ဘုရင်ဆိုင်ရာ၊ တော်ဝင်ဆိုင်ရာ အသက်ဖြင့် အသစ်မွေးဖွားခံရကြသည်။ ဤအသက်သည် အရာခပ်သိမ်းအပေါ်မှာ ရှင်ဘုရင်များအဖြစ် စိုးစံရန် ကျွန်ုပ်တို့ကို နန်းတင်ပေးသည် - ယော၊၁း၁၂-၁၃။ ၃း၃၊ ၅။ ဗျာ၊၅း၁၀။

B. တွေ့ကြုံခံစားခြင်း၌ အသက်၌စိုးစံခြင်းဆိုသည်မှာ ဘုရားဆိုင်ရာအသက်၏ အုပ်စိုးမှုအောက်တွင် ရှိခြင်းကို ဆိုလိုသည် - မ၊ ၈း၉။

1. ခရစ်တော်သည် ခမည်းတော်၏ ဘုရားဆိုင်ရာအသက် အုပ်စိုးမှုအောက်တွင် ရှိခြင်းအားဖြင့် အသက်၌စိုးစံခြင်း၏ စံနမူနာဖြစ်သည် - ညွှန်း၊ အငယ်၊၅-၁၃။
2. ပေါလုသည် သူ၏အသက်တာနှင့် အမှုတော်၌ ဘုရားဆိုင်ရာအသက်၏ အုပ်စိုးမှုအောက်တွင် ရှိခဲ့သောသူတစ်ဦး၏ ဥပမာ ဖြစ်သည် - ၂ကော၊၂း၁၂-၁၄။
3. ကျွန်ုပ်တို့သည် ဘုရားဆိုင်ရာအသက်၏ အုပ်စိုးမှုအောက်၌ ရှိခြင်းအားဖြင့် အသက်၌ စိုးစံသောအခါ၊ ကျွန်ုပ်တို့သည် မှောင်မိုက်၏ အခွင့်အာဏာမှ လွတ်မြောက်ခြင်း ရှိကြသည် - ကော၊၁း၁၃က။
4. ကျွန်ုပ်တို့သည် ဘုရားဆိုင်ရာအသက်၏အုပ်စိုးခြင်းအောက်တွင် ရှိသောအခါ ကျွန်ုပ်တို့သည် ဘုရားသခင်၏ချစ်တော်မူသောသားတော်၏ နိုင်ငံတော်၌ အသက်ရှင်ကြကာ၊ ၎င်း၌ ကျွန်ုပ်တို့သည် ချစ်ခြင်းမေတ္တာ၏ ချိုမြိန်ခြင်း၌ အုပ်စိုးခြင်းနှင့် တင်းကျပ်ကန့်သတ်ခံခြင်း ရှိကြသည် - အငယ်၊၁၃ခ။

C. အသက်၌စိုးစံခြင်းသည် နာခံမှုမရှိခြင်းမျိုးအားလုံးကို အနိုင်ယူလွှမ်းမိုးရန်ဖြစ်သည် - ရော၊၅း၁၇-၁၈၊ ၂၁။

1. စိုးစံသောဝိညာဉ်သည် သန့်စွမ်း၍ အသက်ရှင်ရမည်၊ လူပ်ရှားတက်ကြွကာ မတုန့်မလှုပ်မဖြစ်ရပါ၊ အပေါင်းလက္ခဏာဘက်မှာ ရှိပြီး အနုတ်လက္ခဏာမဖြစ်ရပါ၊ ဖွဲ့လုံ့လရှိရမည်ဖြစ်ပြီး လျော့ရဲနေခြင်းမရှိရပါ။
2. ထိုသို့သောဝိညာဉ်ရှိသောသူသည် အစဉ်အစဉ်တကျဖြစ်ခြင်း အဆင့်အနေအထားကို စောင့်ထိန်းပြီး၊ ဘုရားသခင်၏ အခွင့်အာဏာသို့ ဝန်ခံခြင်းရှိရုံသာမက၊ သန့်စွမ်းသော ယုံကြည်ခြင်းလည်းရှိကာ၊ တက်ကြွခြင်း၏အဆင့်အနေအထား၌ ဘုရားသခင်၏အခွင့်အာဏာကို စဉ်ဆက်မပြတ် လေ့ကျင့်လုပ်ဆောင်ခြင်းရှိသည် - မ၊၂၈း၁၈။ ဧ၊၂း၆။

D. အသက်၌စိုးစံခြင်းမှာ ကျွန်ုပ်တို့၏စိတ်နှလုံးများသည် သခင်ဘုရားအားဖြင့် လမ်းညွှန်ခံရခြင်းဖြစ်သည် - သု၊၂၁း၁။ ၂သက်၊ ၃း၅။

E. ဘုရားသခင်နည်းတူ ကျွန်ုပ်တို့သည် အသက်၌ စိုးစံသည့်အလျောက် ကျွန်ုပ်တို့သည် ဦးခေါင်းအရာ၌မဟုတ်ဘဲ အသက်၊ သဘောသဘာဝ၊ ထင်ရှားခြင်းနှင့် လုပ်ဆောင်ချက်တို့၌ ဘုရားဖြစ်လာကြသည် - ရော၊၅း၁၇၊ ၂၁။ ကော၊၃း၄။ ၂ပေ၊၁း၄။

## III. ရောမ ၅ ရှိ အသက်၌စိုးစံခြင်းသည် ရောမ ၆ မှ ၁၆ အထိရှိသောအရာခပ်သိမ်းအဖို့ သော့ချက်ဖြစ်သည်။

A. ကျွန်ုပ်တို့သည် အခန်း ၆ မှ ၁၆ အထိရှိသော အရာခပ်သိမ်းကို ဤအလင်း၌ မြင်ရန် လိုအပ်သည်။

B. အသက်၌စိုးစံခြင်းသည် အခန်း ၆ မှ ၁၆ အထိတွင် ဖွင့်ဆိုပေးထားသည်။ ဤအခန်းများ၌ ဖွင့်ဆိုရှင်းလင်းထားသော အကြောင်းအရာအားလုံးသည် ကျွန်ုပ်တို့အားထုတ်မှု ရလဒ်မဟုတ်ဘဲ၊ ကျွန်ုပ်တို့က ကျေးဇူးတော်ကို ပေါ်များကြွယ်ဝစွာ ရရှိခြင်း၏ ရလဒ်ဖြစ်သည် - ၅း၂၁။

C. ကျွန်ုပ်တို့သည် အသက်၌စိုးစံခြင်းရှိလျှင် အခန်း ၆ မှ ၁၆ အထိ တင်ဆက်ပြသထားသည့် အကြောင်းအရာများအားလုံး၌ ရှိကြခြင်းဖြစ်သည်။

## IV. ဘုရားဆိုင်ရာအသက်၏ အုပ်စိုးမှုအောက်၌ ကျွန်ုပ်တို့၏ အသက်၌စိုးစံခြင်းရလဒ်သည် အသင်းတော်အသက်တာတွင် ထင်ရှားသည့် စစ်မှန်၍ လက်တွေ့ကျသော ကိုယ်ခန္ဓာတော်အသက်တာ ဖြစ်သည် - ၅း၁၇၊ ၂၁။ ၁၂း၅-၈။

A. ရောမ ၁၂ မှ ၁၃ ရှိ ကိုယ်ခန္ဓာတော်အသက်တာကို အသက်ရှင်ခြင်း၏ အချက်တစ်ခုစီသည် ကျွန်ုပ်တို့အား သခင်ဘုရားထံသို့ အသက်ရှင်ရန် ဘုရားဆိုင်ရာအသက်အားဖြင့် အုပ်စိုးခံခြင်းကို တောင်းဆိုနေသည် - ညွှန်း၊ ၂ကော၊၅း၁၄-၁၅။
1. ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ကိုယ်ခန္ဓာများကို အသက်ရှင်သောယဇ်အဖြစ် ဆက်သရမည် - ရော၊၁၂း၁။
2. ကျွန်ုပ်တို့သည် ဤခေတ်ကာလအတိုင်း ပုံသဏ္ဍာန်ဆောင်ခြင်း မရှိသင့်ဘဲ၊ အသိဉာဏ်အသစ်ပြုပြင်ခြင်းအားဖြင့် ပုံသဏ္ဍာန်ပြောင်းလဲခြင်း ရှိသင့်ပါသည် - အငယ်၊၂။
3. ကျွန်ုပ်တို့သည် မိမိတို့ကိုယ်ကို ထင်သင့်သည်ထက် လွန်၍ မထင်ဘဲ၊ ဘုရားသခင်က ယုံကြည်ခြင်း ပမာဏကို ပေးထားသည့်အတိုင်း တည်ကြည်သောအသိဉာဏ်ရှိလျက် ကိုယ်ကိုလျောက်ပတ်စွာ ထင်မှတ်သင့်ပါသည် - အငယ်၊၃။
4. ကျွန်ုပ်တို့သည် ခရစ်တော်၏ကိုယ်ခန္ဓာတော်၌ အင်္ဂါဝင်များစွာ ရှိပြီး၊ အင်္ဂါဝင်များအားလုံးသည် လုပ်ဆောင်ချက်၌မတူညီကြောင်းကို ဆင်ခြင်ရန် လိုအပ်သည် - အငယ်၊၄-၅။

B. ကျွန်ုပ်တို့သည် အသက်၌စိုးစံခြင်းအားဖြင့် ကိုယ်ခန္ဓာတော်အသက်တာအတွက် အမြင့်မားဆုံး ကောင်းမြတ်ခြင်းများရှိသည့် အသက်တာကို အသက်ရှင်ရန် လိုအပ်သည်။
1. ကျွန်ုပ်တို့သည် လျှို့ဝှက်ဟန်ဆောင်ခြင်းမရှိဘဲ ချစ်ရမည်၊ ညီအစ်ကိုချင်းချစ်ခြင်းမေတ္တာ၌ အချင်းချင်းကို နွေးထွေးစွာ ချစ်ရမည်ဖြစ်သည် - အငယ်၊၉က၊ ၁၀က။
2. ကျွန်ုပ်တို့သည် ဖွဲ့လုံ့လအားထုတ်ခြင်း၌ မပျင်းရိဘဲ၊ ဝိညာဉ်၌တောက်လောင်လျက် သခင်ဘုရားကို အစေခံသင့်ပါသည် - အငယ်၊၁၁။
3. ကျွန်ုပ်တို့သည် ဘေးဒုက္ခခံရခြင်း၌ သည်းခံခြင်းရှိသင့်ပါသည် - အငယ်၊၁၂ခ။
4. ကျွန်ုပ်တို့သည် ရွှင်လန်းဝမ်းမြောက်သောသူတို့နှင့်အတူ ရွှင်လန်းဝမ်းမြောက်သင့်ပြီး၊ ငိုကြွေးသူတို့နှင့်အတူ ငိုကြွေးခြင်းရှိသင့်ပါသည် - အငယ်၊၁၅။

5. ဖြစ်နိုင်မည်ဆိုလျှင် ကျွန်ုပ်တို့တတ်နိုင်သမျှ ကျွန်ုပ်တို့သည် လူအားလုံးနှင့် ငြိမ်သက်သင့်မြတ်ခြင်း၌ အသက်ရှင်သင့်ပါသည် - အငယ်၊၁၈။

**V. ကျွန်ုပ်တို့သည် ဒေသန္တရအသင်းတော်များကို ခရစ်တော်ကိုယ်ခန္ဓာတော်၏ မိတ်သဟာယဖွဲ့ခြင်းအထဲသို့ ခေါ်ဆောင်ရန် တမန်တော်ပေါလုကို အတုယူခြင်း၌ အသက်၌စိုးစံရန် လိုအပ်သည် - ၁၆း၁-၁၆။**

A. ခရစ်တော်၏ စကြဝဠာဆိုင်ရာ တစ်ပါးတည်းသော ကိုယ်ခန္ဓာတော်ကို ထုံးဖွဲ့ပေါင်းစည်းထားသည့် အသင်းတော်များအားလုံးအလယ်တွင် အဖွဲ့အစည်းဆိုင်ရာမရှိပါ၊ သို့သော် ခရစ်တော်ကိုယ်ခန္ဓာတော်၏ မိတ်သဟာယဖွဲ့ခြင်းသာ ရှိသည် - ဖိ၊၁း၅။

B. အသင်းတော်များအကြား မိတ်သဟာယဖွဲ့ခြင်းသည် ခရစ်တော်ကိုယ်ခန္ဓာတော်၏ မိတ်သဟာယဖွဲ့ခြင်းဖြစ်သည် - ၁ကော၊ ၁၀း၁၆။

1. သခင်ဘုရား၏ ပြန်လည်ရယူခြင်းသည် ခရစ်တော်၌ ကိုယ်ခန္ဓာတော်တစ်ကိုယ်တည်းသာရှိ၍၊ ဒေသန္တရအသင်းတော်များအဖြစ် များစွာသော ဒေသများ၌ ထင်ရှားကြောင်း သမ္မာတရားအပေါ်မှာ အခြေတည်ထားသည် - ဧ၊၁း၂၂-၂၃။ ၄း၄။ ဗျာ၊၁း၁၁။

2. ဝိညာဉ်တော်တစ်ပါးတည်းရှိသောကြောင့် ကိုယ်ခန္ဓာတော် တစ်ကိုယ်တည်းသာရှိပြီး၊ ကိုယ်ခန္ဓာတော်၌ အသက်၏ သွေးလည်ပတ်စီးဆင်းမှုတစ်ခုတည်းသာ ရှိသည်။ ဤသွေးလည်ပတ်စီးဆင်းမှုသည် ခရစ်တော်ကိုယ်ခန္ဓာတော်၏ မိတ်သဟာယဖွဲ့ခြင်း ဖြစ်သည် - ဧ၊၄း၄။ ၁ယော၊၁း၃၊ ၇။

3. ခရစ်တော်ကိုယ်ခန္ဓာတော်၏ မိတ်သဟာယဖွဲ့ခြင်းသည် ဝိညာဉ်တော်၏ သွေးလည်ပတ်စီးဆင်းမှုဖြစ်သည်။ ဝိညာဉ်တော်သည် ခရစ်တော်ကိုယ်ခန္ဓာတော်အတွင်း၌ လည်ပတ်စီးဆင်းနေသောအခါ၊ ဘုရားဇာတိ၊ လူသားဇာတိ၊ ခရစ်တော်၏ ပုဂ္ဂိုလ်တော်၊ ခရစ်တော်၏ အသေခံခြင်း၊ ခရစ်တော်၏ရှင်ပြန်ထမြောက်ခြင်း အားလုံးတို့သည် လည်ပတ်စီးဆင်းလျက် ရှိနေသည်။

4. ဘုရားဆိုင်ရာမိတ်သဟာယသည် ခရစ်တော်ကိုယ်ခန္ဓာတော်၌ အသက်ရှင်ခြင်း၏ စစ်မှန်ခြင်းဖြစ်သည် - ၁ကော၊၁း၉။ ၁၂း၁၂-၁၃၊ ၂၇။

C. အသင်းတော်များသည် ခရစ်တော်၏ကိုယ်ခန္ဓာတော်၌ မိတ်သဟာယဖွဲ့ခြင်းအားဖြင့် ငြိမ်သက်ခြင်း၏ ဘုရားသခင်သည် စာတန်ကို ကျွန်ုပ်တို့၏ခြေအောက်မှ နင်းခြေနိုင်ခြင်းဖြစ်သည် - ရော၊၁၆း၂၀။

**VI. ရောမ ၁၆ တွင် တမန်တော်ပေါလုက သန့်ရှင်းသူများအားလုံးကို ခရစ်တော်ကိုယ်ခန္ဓာတော်တစ်ခုလုံး၏ ပေါင်းစည်းခြင်းအသက်တာအထဲသို့ ခေါ်ဆောင်ပေးခြင်း၏ အကောင်းဆုံးသော စံနမူနာကို ဖော်ပြထားသည်။ ထိုသို့သောအသက်တာ၌ ကျွန်ုပ်တို့သည် အမှန်ပင် အသက်၌စိုးစံခြင်း ရှိနိုင်ကြသည် - ၅း၁၇။**

A. ပေါလုသည် သန့်ရှင်းသူများကို တစ်ယောက်ပြီးတစ်ယောက် နှုတ်ခွန်းဆက်ကာ၊ အနည်းဆုံး နာမည် နှစ်ဆယ့်ခုနစ်ဦးကို ဖော်ပြခဲ့သည်။ ဤအရာက သူသည် သူတို့အယောက်စီတိုင်းနှင့် စပ်လျဉ်း၍ လုံလောက်သော သိကျွမ်းမှု၊ နားလည်ပေးမှုနှင့် ဂရုစိုက်ပေးမှု ရှိကြောင်း ပြသနေသည် - ၁၆း၁-၁၆။

B. ပေါလု၏ ထောက်ခံပေးခြင်းနှင့် နှုတ်ခွန်းဆက်ခြင်းများက သန့်ရှင်းသူများအကြား အပြန်အလှန် စဉ်းစားပေးခြင်းနှင့် အသင်းတော်များအကြား အပြန်အလှန် မိတ်သဟာယဖွဲ့ခြင်းဟူ၍ နှစ်ခုလုံးကို ထင်ရှားစေသည် - ညွှန်း၊ ကော၊၄း၁၅-၁၆။

*© 2023 Living Stream Ministry*